အနှစ်ချုပ်
၂၀၁၆ ဖေဖော်ဝါရီ

Natural Resource Governance Institute

# ခနခွဲဝေခြင်း - မြန်မာ့သဘာဝသယံဇာတ ဝင်ငွေခွဲဝေမှု လမ်းပြမြေပုံ

Andrew Bauer, Paul Shortell and Lorenzo Delesgues

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါးသည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်ကဏ္ဍမှ ဝင်ငွေများ ရရှိလျက်ရှိသည်။ ဝင်ငွေအကောင်းဆုံး ကုန်းတွင်းလုပ်ကွက်များမှာ ပဲခူး၊ ကချင်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း နှင့် တနင်္သာရီတို့တွင် တည်ရှိသည်။ ယင်းဒေသများနှင့် အခြားအရပ်များတွင် တွင်းထွက်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်ချက်များသည် ဒေသခံများ၏ သက်မွေးမှုပုံစံနှင့် ပတ်ဝန်းကျင်ကို ကြီးမားစွာ ထိခိုက်လျက်ရှိသည်။ ထိခိုက်နစ်နာရသည့်ဒေသများမှ လူထုများမှာလည်း တွင်းထွက်တူးဖော်ရေးလုပ်ငန်းများမှ တိုက်ရိုက်အကျိုးခံစားမှုမရှိပါဟု ထုတ်ဖော်ပြောဆိုလျက်ရှိနေကြသည်။ ယင်းကိစ္စများပေါ် တုန့်ပြန်သည့်အနေဖြင့် အသစ်စက်စက်ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် “ သဘာဝသယံဇာတ ထုတ်ယူခြင်းမှရရှိလာသည့် အကျိုးအမြတ်များကို တနိုင်ငံလုံးခံစားစေရန်အလို့ငှာ ဖက်ဒရယ်ပြည်ထောင်စုအခြေခံမူများနှင့်အညီ မျှတစွာ ခွဲဝေခံစားနိုင်ရန် အားထုတ်သွားမည် ” ဟု ကတိပြုထားသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုမှ ခေါင်းဆောင်များက သယံဇာတဝင်ငွေခွဲဝေခြင်းသည် နိုင်ငံပြုပြင်ပြောင်းလဲရေး၊ ဘဏ္ဍာရေးဆိုင်ရာဗဟိုဦးစီးမှုလျော့ချခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကအကြောင်းအရာဖြစ်ကြောင်းထောက်ပြလျက်ရှိသည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအာဏာပိုင်များသို့ သဘာဝသယံဇာတဝင်ငွေများ ခွဲဝေပေးခြင်းသည် ဗဟိုဦးစီးမှုလျော့ချခြင်း လုပ်ငန်းအားလုံး၏ ဗဟိုချက် သို့မဟုတ် မြန်မာ၏ ဖက်ဒရယ်နိုင်ငံသစ် ထူထောင်ခြင်းနှင့် ပတ်သက်သည့် ဆွေးနွေးမှုများတွင်ပင် ပါဝင်နိုင်သည့် အကြောင်းအရာဖြစ်သည်။

စနစ်တခုဖွဲ့စည်းပုံနှင့် လိုက်ပြီးသယံဇာတတ ခွဲဝေမှုသည် သီးခြားဖြစ်တည်နေသည့်သည့် ကိစ္စ ၃ ရပ်ကို ဖြေရှင်းပေးနိုင်သည်။ ဖွံ့ဖြိုးမှုရလဒ် တိုးတက်လာစေခြင်းနှင့် ပြည်သူ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အရည်အသွေးကိုတိုးတက်လာစေခြင်း၊ အရည်အသွေးမြင့်သည့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်နိုင်ခြင်း၊ ခိုင်မြဲသည့်ငြိမ်းချမ်းရေးပေါ်ပေါက်လာစေခြင်းတို့ဖြစ်သည်။

နိုင်ငံအများစုတွင် ပြည်သူ့ကဏ္ဍဝန်ဆောင်မှုပေးခြင်းကို ချဲ့ထွင်နိုင်ရန်၊ ဒေသများကြားသာတူညီမျှမှု တိုးတက်ဖော်ဆောင်နိုင်ရန်၊ နိုင်ငံစည်းလုံးညီညွတ်မှု အားကောင်းစေရန်အတွက် ရည်ရွယ်ပြီးဝင်ငွေခွဲဝေသည့် စနစ်များပြင်ဆင်အသုံးပြုကြသည်။ အောင်မြင်သည့် ဝင်ငွေခွဲဝေမှု စနစ်တခုဖြစ်ရန်အတွက်မှာ တာဝန်သိ အသုံးစရိတ်၊ ဝင်ငွေစီးဆင်းမှု တည်ငြိမ်ခြင်း၊ ခန့်မှန်းနိုင်ခြင်းနှင့် နိုင်ငံရေးအကူးအပြောင်းကာလတွင်လည်းယိမ်းယိုင်သွားခြင်းမရှိသည့် ဝင်ငွေခွဲဝေမှု ပုံစံကိုအစိုးရအဆင့်ဆင့်နှင့် သက်ဆိုင်ရာ စတိတ်ဟိုဒါတို့ကြားတွင် သဘောတူထားနိုင်မှုပေါ်တွင် မူတည်သည်။ နောက်တနည်းဆိုရလျင် ဝင်ငွေခွဲဝေမှုစနစ်တိုင်းသည် မျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ ထိထိရောက်ရောက် ရှိရမည်။

## ဘဏ္ဍာရေးဆိုင်ရာဗဟိုဦးစီးမှုလျော့ချခြင်းလုပ်ငန်းစဉ်များ၊ ပြည်နယ်နှင့်တိုင်းဘဏ္ဍာရေးစီမံမှုများနှင့် တွင်းထွက် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ


မှောင်ခိုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ ပေးသွင်းမှုများမှအပ ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်းဆိုင်ရာအခွန်များ၊ အခွန်မဟုတ်သည့် အခြားရငွေများအားလုံးနီးပါးကို ပြည်ထောင်စုအစိုးရ သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းများက ၂၀၀၈ အခြေခံဥပဒေတွင် ဖော်ပြထားချက်နှင့်အညီကောက်ခံလျက်ရှိသည်။ ယင်းဝင်ငွေများနှင့် အထွေထွေဝင်ငွေများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ လွှဲပြောင်းပေးခြင်းသည် အခြေအနေပေါ်မူတည်ကာလွှဲပြောင်းပေးခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်မြင့်မားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အများအပြား ခွဲဝေပေးသည့် အထောက်အထားများ ရှိသည့်တိုင် အခြားဒေသများနှင့် ယှဉ်လျင်ပဋိပက္ခဖြစ်ပွားနေသည့်နေရာများ၊ တက်ကြွလှုပ်ရှားသည့် နိုင်ငံရေးသမားစုရုံးရာအရပ်ဒေသများသို့

လွှဲပြောင်းပေးသည့်ပမာဏပိုများသည်။ ဗဟိုဦးစီးမှုလျော့ချခြင်း၊ တိုင်းနှင့် ပြည်နယ် အစိုးရများထံသို့ လုပ်ပိုင်ခွင့်များ ပိုမို ပေးအပ်နေသည့်အလျောက် လွှဲပြောင်းပေးသည့် ပမာဏမှာလည်း တနှစ်ထက် တနှစ်တိုးတက်လာသည်။

၂၀၁၃ ခုနှစ်စာရင်းများအရ ပြည်နယ် ၂ ခု၊ တိုင်းဒေသကြီး ၂ ခုမှ အပကျန်ဒေသအားလုံးတွင် အကြီးစား သတ္တုတူးဖော်ရေး စီမံကိန်းများလည်ပတ်လျက်ရှိသည်။ တရားဝင်သတ္တုတွင်းများမှာလည်းချင်းပြည်နယ်မှ အပကျန်ဒေသအားလုံးတွင် လည်ပတ်လျက်ရှိသည်။စစ်ကိုင်းတိုင်းဒေသကြီးမှ လက်ပံတောင်းကြေးနီတွင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနီးမှ ကျောက်စိမ်းတွင်းများ၊ မန္တလေးတိုင်းဒေသကြီး (မိုးကုတ်) မှ ပတ္တမြားနှင့် နီလာတွင်းများ၊ ရှမ်းပြည်နယ် မုန်စူ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကျောက်ပသို နှင့် မိုးထိထောင် ရွှေတွင်းများမှာအရေးအပါဆုံးဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါးတွင် တွင်းထွက်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အလားအလာအကောင်းဆုံးမှာ ကချင်၊ ပဲခူး နှင့် ရှမ်းပြည်နယ်တို့မှ သံရိုင်း၊ ရှမ်းပြည်နယ်မှ သွပ်နှင့် ခဲ၊ စစ်ကိုင်းနှင့်မန္တလေးမှ ရွှေတွင်းများဖြစ်သည်။ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်လည်း ကြေးနီ၊ နီကယ် နှင့် ခရိုမိုက် ထုတ်လုပ်မှုများကို တိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

နိုင်ငံခြားနှင့် လွတ်လပ်သည့်ရင်းမြစ်များက ၂၀၁၃/၁၄ ခုနှစ် တင်ပို့ခဲ့သည့် တွင်းထွက်ပမာဏ၊ ထုတ်လုပ်မှုပမာဏကို အစိုးရထုတ်ပြန်ချက်ထက် များစွာပို၍ခန့်မှန်းထားသည်။ ဥပမာကုလသမဂ္ဂ ကုန်သွယ်ရေးအချက်အလက်များအရ ၂၀၁၄ ခုနှစ် တရုတ်နိုင်ငံတခုတည်းသို့ တင်ပို့ခဲ့သည့် ကျောက်မျက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံရှိမည်ဟု ခန့်မှန်းသည်။ လွတ်လပ်သည့် ဆန်းစစ်မှုတခုကယင်းနှစ်မှာပင် မြန်မာကျောက်စိမ်းထုတ်လုပ်မှု တန်ဖိုးစုစုပေါင်းသည် အကြမ်းအားဖြင့် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံရှိမည်ဟု ခန့်မှန်းသည်။ မှောင်ခိုလုပ်ငန်းပမာဏနှင့် ကျောက်စိမ်းကဲ့သို့သော ကျောက်မျက်များ၏ တန်ဖိုးအမှန်ခန့်မှန်းရန် ခက်ခဲခြင်း၊ လျော့ပေါ့အစီရင်ခံခြင်းအစရှိသည့် တွင်းထွက်ထုတ်လုပ်မှု တန်ဖိုးတွက်ချက်မှု နည်းစနစ်များနှင့် ဆိုင်ပြီးအခက်အခဲများရှိသည့်တိုင် အမှန်တကယ်တင်ပို့ခဲ့သည်ပမာဏသည် အစိုးရထုတ်ပြန်သည့် တန်ဖိုးထက် ၁၀ ဆခန့်ရှိသည်။




မြန်မာနိုင်ငံ၏တွင်းထွက်သယံဇာတ လုပ်ငန်းများပြမြေပုံ

၂၀၁၆ ဇန်နဝါရီတွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသောတွင်းထွက်ကဏ္ဍပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် အစီရင်ခံစာ (Extractive Industries Transparency Initiative (EITI) အရ ၂၀၁၃/၁၄ ခုနှစ်တွင် တွင်းထွက်ကဏ္ဍ ဝင်ငွေ ကျပ်ငွေ ၄၄၂ ဘီလီယံ (အမေရိကန်ဒေါ်လာသန်းပေါင်း ၄၆၀ နီးပါး) ကို ပြည်ထောင်စုအစိုးရမှ ကောက်ခံခဲ့သည်။ ယင်းပမာဏ၏ ၈၈ ရာခိုင်နှုန်းသည် ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းမှ ရရှိသည်။ ကျောက်မျက်တွင်းထွက် ပေးသွင်းမှုများသည် ၂၀၁၃/၁၄ ခုနှစ် ပြည်ထောင်စုအစိုးရသို့ နိုင်ငံပိုင်လုပ်ငန်းမှ တဆင့်ဝင်ရောက်ခြင်းမဟုတ်သည့် ဝင်ငွေ၏ ၇ ရာခိုင်နှုန်းနီးပါးရှိသည်။

ရေနံနှင့် ဓာတ်ငွေ့ ထုတ်လုပ်မှု လုပ်ကွက်အများစုမှာ ကမ်းလွန်ဒေသတွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပိုက်လိုင်းများမှာ ပြည်နယ် အများအပြားကို ဖြတ်သန်းသွားသည်။ ရတနာနှင့် ရဲတံခွန် လုပ်ကွက်များမှ ဓာတ်ငွေ့ပိုက်လိုင်းများသည် ရန်ကုန်၊ ပဲခူး၊ မွန်နှင့် တနင်္သာရီဒေသများကို ဖြတ်သန်းသွားသည်။ ရွှေ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်၊ မကွေး၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့မှ ဖြတ်သန်းသည်။ ၂၀၁၄ ခုနှစ် ဧပြီလအထိစာရင်းများအရ ကုန်းတွင်းရေနံနှင့် ဓာတ်ငွေ့လုပ်ကွက် ၁၇ ခုရှိသည်။ ကုန်းတွင်း တူးဖော်သည့် ရေနံနှင့် ဓာတ်ငွေ့ ကုမ္ပဏီများသည် ပြည်နယ်အားလုံးနီးပါးတွင် လုပ်ငန်းလည်ပတ်လျက်ရှိပြီး အထူးသဖြင့် ပဲခူးနှင့် မကွေးတွင် အများစုတည်ရှိသည်။ ချင်း၊ ရှမ်း၊ ကချင် နှင့် တနင်္သာရီဒေသတို့တွင် မရှိသလောက်ဖြစ်သည်။

ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေသည် တွင်းထွက်တူးဖော်ရေးကဏ္ဍထက် ပို၍ဝင်ငွေများသည်။ ၂၀၁၃/၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရသည် ရေနံနှင့်ဓာတ်ငွေ့အခွန်များ၊ အမြတ်ရှယ်ယာများ၊ လက်မှတ်ထိုးကြေးများ၊ အကောက်ခွန်များ၊ အခွန်တော်နှင့် ငွေသားမဟုတ်သည့် အခြားပေးသွင်းမှုများမှ မြန်မာကျပ်ငွေ ၂၅၆၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံ နီးပါး) ရရှိခဲ့သည်။ ပြည်ထောင်စုအစိုးရ၏ ၂၀၁၃/၁၄ ဝင်ငွေ၏ ၄၀.၅ ရာခိုင်နှုန်းသည် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ ပေးသွင်းမှုများမှ ရရှိခြင်းဖြစ်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ပေးသွင်းမှုများကိုထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

တွင်းထွက်တူးဖော်ထုတ်လုပ်ရေးကဏ္ဍ ပေးသွင်းမှုများကိုထုတ်ပြန်ခြင်းသည် ပထမအဆင့်ဆောင်ရွက်ချက်ဖြစ်သည်။ မြန်မာနိုင်ငံမှ တွင်းထွက်ထုတ်လုပ်သည့်ဒေသများကိုအကျိုးရှိစေမည့် သယံဇာတဝင်ငွေခွဲဝေမှုစနစ်တခုကို ပြင်ဆင်ရေးဆွဲ အသုံးချတော့မည်ဆိုလျှင် စီမံကိန်းအလိုက်ထုတ်လုပ်မှုပမာဏ၊ ပေးသွင်းမှုအချက်အလက်များ၊ စာရင်းသီးခြားပြုစုထားသည့် ဝင်ငွေအမျိုးအစားများလိုအပ်လာမည်ဖြစ်သည်။ မြန်မာ၏ ပထမဆုံး EITI အစီရင်ခံစာတွင် ယင်းအချက်အလက်များကို ဖော်ပြထားခြင်းမရှိသကဲ့သို့ အများပြည်သူသိရှိစေရန် ထုတ်ပြန်ထားပေးခြင်းမျိုးလည်းမရှိပါ။

သယံဇာတဝင်ငွေခွဲဝေခြင်း ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်ကိစ္စ ၈ ခုကို စာတမ်းတွင် ဖော်ထုတ်ဆွေးနွေးထားပါသည်။

## ဝင်ငွေခွဲဝေရခြင်း ရည်ရွယ်ချက်များပေါ်တွင် သဘောတူခြင်း

တွင်းထွက်တူးဖော်ရေးမှ ရရှိလာသည့် ဝင်ငွေခွဲဝေမှု ပေါ်ပေါက်လာစေရန် စေ့ဆော်ပေးသည့် အကြောင်းအရာ ၄ ခုမှာ **(၁)** တူးဖော်ရေးကြောင့်ပေါ်ပေါက်လာသည့် အဆိုးသက်ရောက်မှုများ ခံစားရသည့် ဒေသခံရပ်ရွာများကို နစ်နာကြေးအဖြစ် ပေးအပ်ရန်၊ (၂) အကြမ်းဖက်ပဋိပက္ခများလျော့ကျစေရန် သို့မဟုတ် ကာကွယ်ရန်၊ (၃) ဒေသထွက် အကျိုးအမြတ် ဒေသခံများပိုင်ဆိုင်ခံစားသင့်သည်ဟူသော အယူအဆပေါ် အခြေပြုပေါ်ပေါက်လာသည့် ဒေသခံများတောင်းဆိုမှုကို ဖြည့်ဆည်းပေးရန်၊ (၄) သယံဇာတထွက်သည့် ဒေသနှင့် မထွက်သည့် ဒေသများကြားဝင်ငွေတန်းတူဖြစ်ရေးကို မြင့်တင်ပေးရန်တို့ဖြစ်သည်။ သဘောတူညီသည့် ရည်မှန်းချက်ပေါ်လိုက်ပြီး ဝင်ငွေခွဲဝေမှုပုံစံများ ပြင်ဆင် ရေးဆွဲကြသည်။

## ဒေါင်လိုက်ခွဲဝေရန်ဆုံးဖြတ်ခြင်း

ဒေါင်လိုက်ခွဲဝေခြင်း (vertical distribution) ဆိုသည်မှာ ဗဟိုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား ဝင်ငွေခွဲဝေမှု ခြားနားချက်ကိုဆိုလိုသည်။ အဖြုန်းစရိတ်မဖြစ်စေရန်၊ သို့မဟုတ် ဝန်ဆောင်မှု အရည်အသွေးညံ့ဖျင်းမှုကိုကာကွယ်ရန်အတွက် လွှဲပြောင်းပေးလိုက်သည့် ဝင်ငွေများသည် ကာလလတ် အသုံးစရိတ်နှင့် ကိုက်ညီရမည်ဖြစ်သည်။ ဒေါင်လိုက်ခွဲဝေမှု ဆောင်ရွက်ရန်အတွက် အခြေအနေအားလုံးနှင့် ကိုက်ညီမည့် စနစ်မရှိလေသောကြောင့် ပြည်နယ်များ၏ ငွေအသုံးပြုမှုသည် တာဝန်သိမှုနှင့် ယှဉ်၍ ဖြစ်ပေါ်နေရမည်။

## ခွဲဝေပေးမည့် ဝင်ငွေအမျိုးအစားဆုံးဖြတ်ခြင်း

ဝင်ငွေခွဲဝေမှုပုံစံတွင် ဝင်ငွေအမျိုးအစားအားလုံးကို ခွဲဝေမည်လား သို့မဟုတ် အချို့ကိုသာ ခွဲဝေမည်လား (ဥပမာ အခွန်တော်များ)ကို ထည့်သွင်းစဉ်းစားရတော့မည်ဖြစ်သည်။ ကုန်းတွင်းလုပ်ကွက်များသာ ခွဲဝေမည်လား သို့မဟုတ် ကုန်းတွင်းနှင့် ကမ်းလွန်ဆောင်ရွက်မှုများကိုပါ ထည့်သွင်းမည်လားကိုလည်း စဉ်းစားရမည် ဖြစ်သည်။

## အလျားလိုက်ခွဲဝေရန် ဆုံးဖြတ်ခြင်း

ထွက်ကုန်အခြေခံ - သယံဇာတထွက်သည့်ဒေသကို ဝေစုများများပေးခြင်းသို့မဟုတ် အညွှန်းကိန်းအခြေခံ - လိုအပ်ချက်များ (ဥပမာ - ဆင်းရဲမွဲတေမှုနှုန်း၊ ပညာရေးရလဒ်) သို့မဟုတ်ဝင်ငွေရှာဖွေနိုင် သည့် စွမ်းဆောင်ရည် (ဥပမာလူဦးရေ၊ ဒေသဂျီဒီပီ) အလိုက် ဝင်ငွေခွဲဝေသည့် စနစ်နစ်ခုဖြင့် သယံဇာတဝင်ငွေများကို ပြည်နယ်များ ကြားခွဲဝေပေးနိုင်သည်။ ထွက်ကုန်အခြေခံနည်းကို အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းအဆင့် အချက်အလက်မှန်များ ထုတ်ပြန်ခြင်းမရှိသကဲ့သို့ နမူနာတွက်ချက်ရန်ပင် လုံလောက်သည့် အချက်အလက်ထုတ်ပြန်ထားခြင်းမရှိပါ။ထို့ကြောင့်ယခုစာတမ်းတွင်သန်းခေါင်စာရင်းပါအချက်အလက်များကိုအခြေခံပြီးအညွှန်းကိန်းအခြေပြု ခွဲဝေနည်း နမူနာ ၄ ခုကိုတင်ပြထားပါသည်။

## လက်ခံမည့်သူရွေးချယ်ခြင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အာဏာပိုင်များသည် သယံဇာတဝင်ငွေ ဝေစုလက်ခံရန်အတွက် ထင်သာမြင်သာ အရှိဆုံးလက်ခံများဖြစ်နေသည်။ အခြားနိုင်ငံမှ အစိုးရများသည် ရိုးရာအာဏာပိုင်များ၊ စည်ပင်သာယာများ၊ မြေပိုင်ရှင်များ၊ ဒေသတွင်နေထိုင်သူများသို့ တိုက်ရိုက်ခွဲဝေပေးခြင်းများပင်ရှိရာ အထက်ဖော်ပြပါ အချက်များအားလုံးသည် မြန်မာနိုင်ငံတွင် အသုံးပြုနိုင်သည့် နည်းလမ်းများဖြစ်သည်။

## အကျိုးဖြစ်ထွန်းသည့် အသုံးချမှုများဖြစ်စေရန် ရည်ရွယ်ချက်ကောင်းများတိုးတက်ဖန်တီးခြင်း (တည်ငြိမ်အောင် ထိန်းသိမ်းခြင်းနှင့် သတ်မှတ်ခွဲဝေခြင်း)

ဖွံ့ဖြိုးမှုရလဒ်များတိုးတက်စေရန် အထောက်အကူပြုခြင်းရှိမရှိဆုံးဖြတ်နိုင်ရန်မှာတလုံးတခဲတည်းပေးမည်လားသို့မဟုတ် ချိန်ဆခွဲဝေပေးခြင်း (smoothed payments) သို့မဟုတ် ပညာရေးဆိုင်ရာကိစ္စများတွင် အသုံးပြုရန် အထူးအသုံးစရိတ်အဖြစ် သတ်မှတ်ခွဲဝေပေးခြင်း အစရှိသည့် သယံဇာတဝင်ငွေများလွှဲပြောင်း ပေးသည့် ပုံစံပေါ်တွင် မူတည်သည်။

## ပွင့်လင်းမြင်သာမှုနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်များ

နိုင်ငံအများစုတွင်ကြုံတွေ့နေရသည့် အခက်အခဲတခုမှာဒေသန္တရအစိုးရများအဖို့ ၄င်းတို့ရရှိသည့် သယံဇာတဝင်ငွေများမှာ ဥပဒေသတ်မှတ်ချက်အရလက်ခံရရှိခြင်းဟုတ် မဟုတ် ကိုခွဲခြားနိုင်မှုမရှိခြင်းဖြစ်သည်။ သယံဇာတ ဝင်ငွေခွဲဝေခြင်းအားဖြင့် ပဋိပက္ခလျော့ချနိုင်ရန်မှာပွင့်လင်းမြင်သာမှုနှင့် စောင့်ကြည့် ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်များရှိနေရန်လိုအပ်သည်။

## ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း

မျှတ၊ တည်ငြိမ်၊ ထိရောက်မှုရှိသည့် စနစ်တခု ဖြစ်ပေါ်လာရန်မှာစတိတ်ဟိုဒါများအနေဖြင့် ဝင်ငွေခွဲဝေမှု တွက်ချက်ပုံပေါ်တွင် သဘောတူညီမှုရရှိထားရန်လိုအပ်ကြောင်းကို နိုင်ငံတကာဖြစ်စဉ်များကညွှန်ပြလျက်ရှိသည်။ ဥပဒေဖြင့် ပြဋ္ဌာန်းထားရန်လည်း လိုအပ်သည်။

လက်ရှိဆောင်ရွက်နေသည့် ပြည်နယ် နှင့် တိုင်းဒေသကြီးအလိုက် ဘဏ္ဍာငွေ လွှဲပြောင်းပေးမှုများနှင့် အညွှန်းကိန်းအခြေပြု ခွဲဝေရေး ပုံစံများ

| ပြည်နယ် / တိုင်းဒေသကြီး/ နယ်မြေ | လက်ရှိခွဲဝေမှု (စုစုပေါင်း လွှဲပြောင်းပေးမှု ၏ . . . ရာခိုင်နှုန်း) ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ် | ပုံစံ ၁။ လူဦးရေ အခြေပြု ခွဲဝေမှု (စုစုပေါင်း လွှဲပြောင်း ပေးမှု၏ . . . ရာခိုင်နှုန်း) | ပုံစံ ၂။ ပညာရေး၊ လျှပ်စစ်၊ ရေ နှင့် လိုအပ်မှု အခြေပြု ခွဲဝေမှု (စုစုပေါင်း လွှဲပြောင်း ပေးမှု၏ . . . ရာခိုင်နှုန်း) | ပုံစံ ၃။ ပညာရေး လိုအပ်ချက် အခြေပြု ခွဲဝေမှု ( စုစုပေါင်း လွှဲပြောင်း ပေးမှု၏ . . . ရာခိုင်နှုန်း) | ပုံစံ ၄။ ကဏ္ဍစုံ ပေါင်းစပ် သတ်မှတ် ခွဲဝေခြင်း : Weighted allocation (စုစုပေါင်း ခွဲဝေမှု၏ . . . ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ဧရာဝတီ | ၆.၅ | ၁၂ | ၁၃.၈ | ၉.၇ | ၁၃.၁ |
| ပဲခူး | ၇.၁ | ၉.၅ | ၇.၆ | ၇.၃ | ၈.၄ |
| ချင်း | ၇ | ၀.၉ | ၁.၃ | ၁.၄ | ၁.၁ |
| ကချင် | ၈.၄ | ၃.၃ | ၂.၈ | ၂.၉ | ၃ |
| ကယား (ကရင်နီ) | ၂.၈ | ၀.၆ | ၀.၇ | ၀.၇ | ၀.၆ |
| ကရင် | ၄.၀ | ၃.၁ | ၄.၆ | ၅.၂ | ၄.၀ |
| မကွေး | ၇.၉ | ၇.၆ | ၆.၆ | ၆.၆ | ၇ |
| မန္တလေး | ၆.၈ | ၁၂ | ၇.၆ | ၉.၃ | ၉ .၄ |
| မွန် | ၄ | ၄ | ၄.၂ | ၄.၅ | ၄.၁ |
| နေပြည်တော် | - | ၂.၃ | ၁.၃ | ၁.၇ | ၁.၇ |
| ရခိုင် | ၇.၇ | ၆.၂ | ၉ .၆ | ၇.၆ | ၈.၃ |
| စစ်ကိုင်း | ၉ .၈ | ၁၀.၃ | ၇.၉ | ၈.၃ | ၈.၉ |
| ရှမ်း | ၁၁.၉ | ၁၁.၃ | ၂၀.၂ | ၂၄.၁ | ၁၇.၄ |
| တနင်္သာရီ | ၈.၁ | ၂.၇ | ၂.၉ | ၂.၃ | ၂.၈ |
| ရန်ကုန် | ၈ | ၁၄.၃ | ၇.၁ | ၈.၄ | ၁၀ |

## ကိုးကားအချက်အလက်များ

ပြည်ထောင်စု မြန်မာနိုင်ငံရသုံးမှန်းခြေစာရင်း ၂၀၁၅/၂၀၁၆၊ ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စုစာရင်း

## မှတ်စု

ပြည်ထောင်စုနယ်မြေဖြစ်သောနေပြည်တော်၏ အသုံးစရိတ်များသည် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ခွဲဝေပေးသည့် လုပ်ငန်းစဉ် အတိုင်းရရှိခြင်းမဟုတ်ပါ။ နှိုင်းယှဉ်ပြရန် သက်သက်သာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ပုံစံ ၂ တွက်ချက်ရာတွင် သန်းခေါင်စာရင်းမှ ရရှိသည့် အညွှန်းကိန်း ၃ ခုကိုအညီအမျှ ပျမ်းမျှချပြီး တွက်ချက်ဖော်ထုတ်ခြင်းဖြစ်ပါသည်။ စာတတ်မြောက်မှုနှုန်း (မည်သည့် ဘာသာစကားမဆို)၊ အလင်းရောင်အတွက် အဓိကအရင်းအမြစ်အဖြစ် လျှပ်စစ်ကို သုံးစွဲသည့် အိမ်ထောင်စုရာခိုင်နှုန်း၊ တဆင့်မြင့်မွမ်းမံထားသည့် ရေအရင်းအမြစ်ရယူနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်းတို့ကိုအချိုးတူထည့်သွင်းတွက်ချက်ခြင်းဖြစ်ပါသည်။ တဆင့်မြင့်မွမ်းမံထားသည့် ရေ (imporved water) ဆိုသည်မှာ ရေပိုက်ခေါင်းမှရေ၊ အဝီစိတွင်းရေ၊ ကာရံထားသည့် ရေတွင်း၊ သို့မဟုတ် စမ်းရေပေါက်၊ ပုလင်းသွတ် သို့မဟုတ် ရေသန့်ရေကို ဆိုလိုခြင်းဖြစ်သည်။ ပုံစံ ၃ တွင် စာတတ်မြောက်မှုနှုန်း၊ နေအိမ်တွင် အင်တာနက် တပ်ဆင်ထားနိုင်သည့် ရာခိုင်နှုန်းတို့ကို အချိုးတူထည့်သွင်း ပျမ်းမျှချဖော်ထုတ်တွက်ချက်ထားခြင်းဖြစ်သည်။ ပုံစံ ၄ သည် လူဦးရေ ၄၀ ရာခိုင်နှုန်း၊ စာတတ်မြောက်မှုနှုန်း ၂၀ ရာခိုင်နှုန်း၊ နေအိမ်လျှပ်စစ်မီးရရှိမှု ၂၀ ရာခိုင်နှုန်း၊ ရေရရှိမှု ၂၀ ရာခိုင်နှုန်းတို့ကိုထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။

Natural Resource Governance Institute သည်နိုင်ငံ၏ရေနံ၊ ဓာတ်ငွေ့နှင့် သဘာဝတွင်းထွက်များ၏ အကျိုးကျေးဇူးများခံစားစေရန် အလို့ငှာအသုံးချသုတေသနများဖြင့်လည်းကောင်း၊ ထူးခြားသည့် နည်းစနစ်များအသုံးပြုပြီးစွမ်းဆောင်ရည်မြင့်တင်ခြင်းဖြင့်လည်းကောင်း၊ နည်းပညာအကြံပေးခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်းအကြံပေးမှုများပြုလုပ်နေသောအကျိုးအမြတ် အဓိကမထားဘဲ လွတ်လပ်စွာ ရပ်တည်သည့်အဖွဲ့အစည်းဖြစ်သည်။

Natural Resource Governance Institute
Oil, gas and mining for development